## အလုပ်၏အနာဂတ်

**တမ်းချင်း**

သစ်ရိပ်မှာခို
နွားရိုင်းသွင်းချိန်ကြိုဖို့ . . . ။
-တောအုပ်အဖြတ်
မြက်ခင်းပတ်ပြေး၊ ရှဉ့်ကလေး
တွေငေးဖို့ . . . ။
-စမ်းချောင်းဘေးအရောက်
နေပြောက်ဇာကွက်၊ ရေတွက်
ကြည့်ဖို့ . . . ။
-လည်တိုင်တလှည့်
ဖျတ်ခနဲအကြည့်မှာ၊ ပီတိဖြာဖို့
. . . ။
-မျက်ဝန်းမှာ ဖူးခါစ
နှုတ်ခမ်းမှာ မပွင့်တတ်သေးတဲ့၊
အပြုံးပွင့်ကို ပန်ဆင်ဖို့ . . . ။




ကျော်ဝင်း၊ ပင့်ကူအိမ်လူ့အဖွဲ့အစည်း၊ PLASTIC RAINBOW စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၀၄၊ စာ ၄၁–၄၇။

အင်္ဂလိပ်လူမျိုး၊ ကဗျာဆရာ၊ 'ဝီလျံဟင်နရီဒေးဗစ်'၏ ကဗျာအပိုင်းအစ ဖြစ်ပါသည်။ ဆိုခဲ့ပါ 'ခဏငယ်'လေးများ

ကိုမှ၊ ကြည်မောခံစားခွင့်မရှိသော၊ အဖြစ်သနစ်ကို၊ ကဗျာဆရာက 'ဆင်းရဲနွံ့ချာသောဘဝ' (Poor Life) ဟု နာနာကျည်းကျည်းဆိုပါသည်။

ကဗျာဆရာ ဖြတ်သွားခဲ့သောခေတ် (စက်မှုခေတ်)၏ ပုံရိပ်များနှင့် ဆက်စပ်စဉ်းစားလိုက်သောအခါ ကဗျာကပေးသော ဝေဒနာမှာပို၍ပင်ကြွလာဟန် ရှိသည်။ 'စုပတ်လမ်း' (Assembly Line) ထဲတွင်ပိတ်မိနေသော အလုပ်။ နာရီထဲ ပတ်ပြေးနေရသော လူ။ 'ထက်အောက်ဖွဲ့စည်းပုံ' (Hierarchy) ထဲတွင် ပိနေသောဘဝ။ ကဗျာဆရာ၏ရင်ထဲသို့ စိတ်ကူးဖြင့်လှမ်းကြည့်လိုက်ရာ၊ သူတမ်းတနေသောအရာကို တွေ့လိုက်ရသလိုရှိသည်။ စက်မှုတော်လှန်ရေး ရောက်လာသည်နှင့် ပျောက်ဆုံးသွားခဲ့ရသော 'လူသား၏ ပုဂ္ဂလိကဘဝ' ဖြစ်မည် ထင်သည်။ ယနေ့လူသားတို့ ရောက်ရှိနေပြီဖြစ်သော ၂၁ရာစုတွင်ကော ၁၈ရာစုကဗျာဆရာ၏ ချင်ခြင်း ကိုဖြည့်စွမ်းနိုင်ပါပြီလော . . . ။

ခေတ်ပြိုင်ပညာရှင်များကမူ အလုပ်၏အနာဂတ်ကို၊ သုတေသနမှန်ပြားပေါ် တင်ကြည့်လျက် ရှိနေကြသည်။ စိတ်ဝင်စားစရာ ကောင်းပါ၏။

## 'နက်ဝပ်မန်နေဂျာ'

ဟက်ကီအာနိုး'မှာ၊ ကလေးသုံးယောက်မိခင်၊ မုဆိုးမတစ်ဦးဖြစ်ပါသည်။ အားကိုးစရာလင်သားမရှိတော့၍ မိသားစု စားဝတ်နေရေးအတွက် ကိုယ်တိုင်ရုန်းရတော့မည့် အနေအထားတွင် ရှိသည်။ ခက်နေသည်က လူမမည် ကလေးသုံးယောက်။ ။ သူတို့ကိုပစ်ပြီး အပြင်မှာ အလုပ်လုပ်လို့မဖြစ်။ သို့ဖြင့် အိုးမကွာအိမ်မကွာအလုပ်ကို စဉ်းစားရွေးချယ်လိုက်ရသည်။ တစ်နိုင်၊ တစ်ပိုင် စာစီစာရိုက်လုပ်ငန်း ဆိုပါစို့။ အပြိုင်အဆိုင်တွေ များလှသည့်ခေတ်တွင် 'မစ္စစ်အာနိုး'၏ အလုပ်မှာ ဟန်မကျလှပါ။ ကူဖော်လောင်ဘက်က မရှိတော့လုပ်ငန်း တိုးချဲ့ဖို့ကလည်း မစဉ်းစားနိုင်။ စိတ်ကူးထဲတွင်တော့ ပုံနှိပ်မီဒီယာလုပ်ငန်းကြီး တစ်ခုကို အာရုံရနေသည်။

'အီးမေး(လ)'နှင့် 'အင်တာနက်' အကြောင်းကို၊ ပထမဆုံးကြားရသောအခါ 'မစ္စစ်အာနိုး' တစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ကိုယ်ပိုင် ကွန်ပျူတာလေးမှ ပွားစည်းလာသော၊ လက်တံများကို တအံ့

တညြ လေ့လာရင်း စိတ်ကူးအိပ်မက်တို့ အကောင်အထည် ပေါ်စပြုလာသည်။ ပထမဆုံးခြေလှမ်းအဖြစ် 'ဝက်(ဘ)ဆိုဒ်'ကိုအသုံးပြုပြီး လိုအပ်မည့် ကျွမ်းကျင်သူများကို စုစည်းလိုက်သည်။ သို့ဖြင့် 'ဝက်(ဘ)ဆိုဒ်အလုပ်အင်အားစု' 'The Webworker Group (T.W.G)' ရလာသည်။ ဤအင်အားစုထဲတွင်၊ ဆော့ဝဲ(လ)ကျွမ်းကျင်သူများ၊ ပရိုဂရမ်မာများ သာမက၊ စာပေပညာရှင်များ၊ ဘာသာပြန်ဆရာများ၊ ဒီဇိုင်းဆရာများပါပါဝင်သည်။ သူတို့အားလုံး၊ တစ်ကိုယ်ရေသုံး ကွန်ပျူတာ ကိုယ်စီဖြင့်၊ မိမိတို့အိမ်မှာပင် အလုပ်လုပ်ကြသည်။ လုပ်ငန်းညှိနှိုင်းစရာလိုလျှင်၊ ဗီဒီယိုကွန်ဖရင့်များမှ တစ်ဆင့် ဆွေးနွေးတိုင်ပင်ကြသည်။ ဖောက်သည်များနှင့် ဆက်ဆံရာတွင်လည်း၊ 'ဝက်(ဘ)ဆိုက်'ကိုသာ အသုံးပြုကြပါသည်။ မကြာမီမှာပင်သူတို့၏ T.W.G မှာ အောင်မြင်သော စီးပွားရေးလုပ်ငန်းကြီး ဖြစ်လာပါတော့သည်။

စင်စစ်၊'မစ္စစ်အာနိုး' ဖန်တီးလိုက်သည်မှာ 'အများနားလည်ထားကြသော အလုပ်' (Job) မဟုတ်ပါ။ 'တကယ့်အလုပ်' (Work) ဖြစ်ပါသည်။ T.W.Gမှ ကျွမ်းကျင်သူများမှာလည်း၊ အလုပ်ရှင်တစ်ဦးဦးအတွက် အလုပ်လုပ်ပေးရသော ဝန်ထမ်းများမဟုတ်ပါ ကိုယ်ပိုင် အလုပ်လုပ်နေကြသော 'လွတ်လပ်သူများ' (Freelances)ဖြစ်ပါသည်။ သူတို့၏အစုအဝေးမှာလည်း တင်းကျပ်သည့်ဖွဲ့စည်းပုံဖြင့် စုစည်းထားသော ကုမ္ပဏီမျိုးမဟုတ်ပါ။ ကွန်ရက်ဆက်ဆံရေးဖြင့် ချိတ်ဆက်ထားသော ပတ်တနာများသာဖြစ်ပါသည်။ သို့နှင့်တိုင် ကုမ္ပဏီကြီးတစ်ခု၊ တာဝန်ယူလုပ်ကိုင်နိုင်သော လုပ်ငန်းအားလုံးကို တက်ညီ လက်ညီ အကောင်အထည်ဖော်နေပါသည်။ အကျိုးသက်ရောက်မှုသာရှိပြီး၊ အကောင်အထည်ရှိစရာ မလိုသော Virtual Companyမျိုး ဖြစ် သည်။ 'မစ္စစ်အာနိုး'ကိုယ်တိုင်မှာလည်း အလုပ်ရှင်မဟုတ်ပါ။ သူတို့ 'ဗွီကုမ္ပဏီ'၏ စီမံခန့်ခွဲမှု အဝဝကို တာဝန်ယူထားသည့် 'နက်ဝပ် မန်နေဂျာ' (Network Manger) ဖြစ်ပါသည်။

**'အီးလဲ(န)ဆာ'**

ဂရပ်ဖစ်ဒီဇိုင်းနာ'မနစ်ရှီယက်'သည် အိမ်ထောင်ရှင် တစ်ဦးဖြစ်သည်။ ဇနီးနှင့်သမီးနှစ်ယောက်ကို သံယောဇဉ်ကြီးလှသလို၊ အိမ်ကို ခင်တွယ်လွန်းသူ တစ်ဦးလည်း ဖြစ်သည်။ သူ့မိသားစုသည်ပင် သူ့ဘဝဟု ခံယူ

ထားသည်။ သို့ကြောင့်လည်း အပြင်ထွက် အလုပ်လုပ်ရသော လခစား ဝန်ထမ်း အလုပ်ကို စွန့်ပစ်လိုက်သည်။ သူ့စိတ်ကူးကအလုပ်နှင့် မိသားစု ဘဝကို အမိုးတစ်ခုတည်းအောက်တွင် အတူတွဲထားဖို့ ဖြစ်သည်။ ဗွီ ကုမ္ပဏီများ တွင်ကျယ်လာသောအခါ သူ့စိတ်ကူးများ အကောင်အထည် ပေါ်လာခဲ့ပါသည်။ သူ့တွင် ကိုယ်ပိုင် 'လက်(ပ)တော့'ရှိသည်။ 'ပရင်တာ' ရှိသည်။ 'မိုဘိုင်းဖုန်း'ရှိသည်။ ဤအထောက်အကူပစ္စည်းများမှ တစ်ဆင့်၊ ဖောက်သည်တွေနှင့် အချိန်မရွေး ဆက်သွယ်၍ရသည်။ အပြင်ထွက် အလုပ်လုပ်စရာ မလိုတော့။ 'အိမ်-ချိုမြိန်သောအိမ်'သည်ပင်၊ သူ့အတွက် လုပ်ငန်းခွင် ဖြစ်လာပါတော့သည်။

သို့နှင့်တိုင် သူ့အလုပ်မှာ ပို၍ပင် အပြန့်ကျယ်လာသည်။ 'စီဒီရွမ်' များ 'ဝက်(ဘ)ဆိုက်များ'များကို ဒီဇိုင်းဆင်ပေးသည်။ 'လိုဂိုများ'၊ ပိုစတာများ လည်း ရေးပေးသည်။ 'ကျွန်တော့် အတွက် 'မီဒီယမ်'ကအဓိက မဟုတ်ပါ ဘူး။ ကျွန်တော်ရောင်းနေတာက အိုင်ဒီယာလေ။ အိုင်ဒီယာ ထုတ်လုပ်ဖို့ အတွက် အချိန်တို့၊ နေရာတို့ ဖွဲ့စည်းပုံတို့ဆိုတာတွေနဲ့ ကန့်သတ်ထားစရာ မလိုပါဘူးဗျာ။ အရေးအကြီးဆုံးက လွတ်လပ်ပေါ့ပါးတဲ့ စိတ်အခြေအနေ ရှိဖို့ပါ။'

သူပြောနေကျ စကားအတိုင်းပင် သူ့တွင် အလုပ်ချိန် သတ်သတ် မှတ်မှတ်မရှိပါ။ အလုပ်ခန်း၊ ရုံးခန်းဆိုတာတွေလည်း မရှိပါ။ မည်သည့် စည်းမျဉ်းစည်းကမ်းမှလည်း သတ်မှတ်မထားပါ။ ကလေးတွေနှင့် ကစားချိန်၊ ဇနီးသည်နှင့် ချစ်တင်းနှောချိန်များသည်ပင် သူ့အလုပ်ချိန် ဖြစ်ချင် ဖြစ်နေ တတ်သည်။ သူဖန်တီးခဲ့သော 'လိုဂို'အများစုကို သူ့သမီးလေးတွေ ကစားလေ့ရှိသော 'အိမ်ဆောက်သည့် ပလတ်စတစ်စလေးများ' (Lego)နှင့် ပုံဖော်ခဲ့သည်ဟု ဆိုပါသည်။ ဇနီးသည်၏အပြုံးမှ လှပသောစိတ်ကူးများ ရလာတတ်သည်ဟုလည်း ဖွင့်ဟဝန်ခံပါသည်။ သို့ဖြင့် မိသားစု ထမင်းဝိုင်းသည်ပင် သူ့အတွက် လုပ်ငန်းခွင်ဖြစ်နေတော့သည်။ 'ခင်ဗျား အလုပ်က ဘာလဲဗျ'ဟု သူ့ကိုမေးလိုက်လျှင်'မနစ်'က ဤသို့ ဂုဏ်ယူဝံ့ကြွားစွာ ဖြေပါလိမ့်မည်။'အီးလဲ(န)ဆာ(E-Lancer)ပေါ့ဗျာ ဟဲ-ဟဲ။'

## တူရှုချက်

စောင့်ကြည့်လေ့လာနေကြသူပညာရှင်များ၏ သုတေသန တွေ့ရှိချက်များအရဆိုလျှင် အလုပ်၏ဖွဲ့စည်းပုံရော သဘာဝသည်ပါ အပြောင်းအလဲလမ်းကြောင်းပေါ် ရောက်နေပြီဟု ဆိုပါသည်။ စက်မှုခေတ်၏ အမြင့်ဆုံးဖွဲ့စည်းပုံမှာ 'ထရပ်'များ၊ 'ကာတယ်(လ)'များ၊ 'ဆင်ဒီကိတ်'များ စသော လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးများ ဖြစ်သည်။ အရင်းများများ၊ လုပ်အားများများဖြင့် အစုလိုက်အပြုံလိုက် ထုတ်လုပ်သည့် သဘောရှိသည်။ သို့အတွက် တင်းကြပ်သော ထက်အောက်ဖွဲ့စည်းပုံများနှင့် ထိန်းထားရပါသည်။ အင်ဖော်မေးရှင်းနည်းပညာ တော်လှန်ရေးနှင့်အတူ ဆိုခဲ့ပါ ထုကြီးထည်ကြီးများ တစ်စစပြိုကျလာရာ နည်းပညာကဲသော သွက်လက်ထက်မြက်သည့် ကုမ္ပဏီလေးများခေတ် ရောက်လာသည်။ ဖွဲ့စည်းပုံမှာလည်း ဒေါင်လိုက်သဘောမှ ပိုမိုလူးသာလွန့်သာသည့် အလျားလိုက် သဘောသို့ ရွေ့လာသည်။ ၂၁ရာစုအဝင်၊ အိုင်တီကုမ္ပဏီများ အကြပ်အတည်း ဆိုက်လာရာ နောက်ထပ်ဖွဲ့စည်းပုံသစ်များ ရှေ့ရောက်လာပြန်သည်။ အထက်တွင် ဖော်ပြခဲ့သော 'ဟက်ကီအာနိုး'၏ ဗွီ-ကုမ္ပဏီမျိုး ဖြစ်သည်။ ဤကုမ္ပဏီများတွင် ဒေါင်လိုက်တို့၊ အလျားလိုက်တို့လို တိကျသည့် ဖွဲ့စည်းပုံမျိုးပင်မရှိတော့။ ကွန်ရက်သဘော ဆက်ဆံရေး ဖြစ်လာသည်။

ဤအခင်းအကျင်းတွင်၊ 'အလုပ်'ကိုယ်တိုင်သည်လည်း အဆင့်သုံးဆင့်ကို ဖြတ်သန်းလျက်ရှိနေသည်ဟု ဆိုပါသည်။ ပထမအဆင့်မှာ ကုမ္ပဏီတစ်ခု၊ အဖွဲ့အစည်းတစ်ခုကို ရာသက်ပန် သစ္စာခံရသော အလုပ်မျိုး (Job for Life) ဖြစ်သည်။ ယခု ဤအဆင့်မှာ အကျဘက်သို့ ရောက်နေသည်။ ဒုတိယအဆင့်မှာ 'အချိန်ပိုင်းအလုပ်' (Part Time Job) ဖြစ်သည်။ စီးပွားရေးအတက်အကျ သံသရာများ စိပ်လာရာမှ ဤအဆင့်မှာ အတက်ဘက်သို့ ပြလာသည်။ ၂၁ရာစု၏ ပထမဆယ်ရာစု အတွင်းမှာပင် အလုပ်အကိုင် ၃၀%မှာ အချိန်ပိုင်းအလုပ်ဖြစ်ဖွယ် ရှိသည်ဟု ခန့်မှန်းကြပါသည်။ ယခုအခါ တတိယအဆင့် အလုပ်မျိုးလည်း သန္ဓေတည်စပြုနေပြီဟု သိရသည်။ 'မနစ်ရှိယက်'၏ 'အီးလဲ(န)ဆာ'လို၊ လွတ်လပ်သော ကိုယ်ပိုင်အလုပ်များ ဖြစ်သည်။ တစ်ကမ္ဘာလုံး အတိုင်း

အတာနှင့်ဆိုလျှင် ဤကဲ့သို့သောအလုပ်မျိုးမှာ သန်း၂၀မျှ ရှိနေပြီဟု ဆိုပါသည်။ ဆက်လက်တိုးပွားနေဦးမည့် သဘောလည်းရှိသည်။

ဤတွင် 'အလုပ်၏အရွေ့'ကို ကောက်ကြောင်းဆွဲ၍ ရလာသည်။ ပထမခြေလှမ်းအဖြစ် အလုပ်သည် အချိန်နှင့်နေရာ၏ တုပ်နှောင်မှုမှ ဖောက်ထွက်လိုက်သည်။ နောက်'အဆင့်နေရာများ' (Order) မှ ရုန်းထွက်လာသည်။ နောက်ဆုံး 'သမားရိုးကျ နားလည်ထားကြသည့်အလုပ်' (Job) သဘောမှ လွတ်မြောက်လာလိမ့်မည်ဟု ဆိုပါသည်။ 'ဗွီကုမ္ပဏီများ'နှင့် 'အီး-လဲ(န)ဆာ'များမှာ Job ၏ နိဂုံး၊ သို့မဟုတ်Work၏ နိဒါန်းကို ဖော်ပြနေကြသော သင်္ကေတများ ဖြစ်ဖွယ် ရှိသည်။

**လိုက်(ဖ)ဂိမ်း**

သို့နှင့်တိုင် လူသည် နောက်ပြန်လှည့်မည့် သဘောတော့မရှိပါ။ စက်မှုခေတ်မတိုင်မီကလို တောအုပ်ထဲမှာ ငေးဖို့ စမ်းချောင်းဘေးမှာ တွေးဖို့၊ ချစ်သူမျက်နှာမှာဆွေးဖို့ အာရုံရတော့မည် မထင်ပါ။ လူ၏ ခံစားမှုသည်ပင် 'အငြိမ်အသက်သဘော'(Static) မှ 'အလှုပ်အရှားသဘော' (Dynamic) သို့ ပြောင်းသွားစရာ ရှိနေသည်။ ဤသို့ဖြစ်ရသည်မှာလည်း အသစ်ဖြစ်ထွန်းလာသော အလုပ်၏နှုန်းစံများနှင့် ပတ်သက်နေသည်ဟု ဆိုပါသည်။

တုပ်နှောင်မှုမျိုးစုံကို ခဝါချခဲ့ပြီးသောအလုပ်သည် 'မိမိကိုယ်ပိုင်တရားများ'(Own Laws) ဖြင့် ဆက်လက်လည်ပတ် နေပါလိမ့်မည်။ ယခင်က အလုပ်ကို 'အလုပ်ချိန်'ဖြင့် တိုင်းသည်။ ယခု 'ကုန်ထုတ်သတ္တိ' (Productivity) နှင့် အကဲဖြတ်လိမ့်မည်။ ယခင်က 'ဘယ်လောက်များများထုတ်လုပ်နိုင်လဲ'ဖြင့် ကြည့်လေ့ရှိရာမှ ယခု 'ဘယ်လောက်မြန်မြန်' ဆိုသည်က အခရာဖြစ်လာသည်။ ယခင်က 'ထိန်းညှိရေး' (Regulation)က အချက်အချာဖြစ်ရာမှ ယခု 'အသစ်ထွင်ရေး'(Innovation)က သော့ချက်ဖြစ်လာသည်။ သို့ဖြင့် ကုန်ထုတ်သတ္တိ၊ 'မြန်နှုန်း' (Acceleration)နှင့် 'အသစ်ထွင်ရေး'တို့မှာ အလုပ်၏ တန်ဖိုးသစ်များ ဖြစ်လာပါသည်။

'အလုပ်'သည်၊ လူ့အဖွဲ့အစည်း၏ ကျောရိုးဖြစ်မြဲ ဖြစ်နေသေးရာ ဆိုခဲ့ပါ တန်ဖိုးသစ်များကို ဆုပ်ကိုင်နိုင်ရေးအတွက် လူသားသည်

အဆက်မပြတ် အားထုတ်နေရမည်သာ ဖြစ်ပါ သည်။ ဤအနေအထားမှာ စက်မှုခေတ် ကဗျာဆရာ 'ဝီလျံဟင်နရီဒေးဗီ' အတွက်တော့ 'ဆင်းရဲနွံ ချာသော ဘဝ' ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် ၂၁ ရာစု လူသား ကတော့ ဤသို့စဉ်းစားမည်မဟုတ်ပါ။ သူသည် အမြဲတစေ လှုပ်ရှားနေမည့်(HyperActive) 'မိုဘိုင်း' ဖြစ်သည်။ သို့အတွက် 'မိုဘိုင်း' ထဲမှာပင် အပျော်ကို ရှာတွေ့လိမ့်မည်ဟု ဆိုပါသည်။ သမီးတွေနှင့်အတူ 'တီဗွီဂိမ်း' ကစားလေ့ရှိသော'မနစ်ရှိုယက်'၏ စကားနှင့်ပြောရလျှင် 'ဘဝကို 'ဂိမ်း'လို သဘောထားလိုက်ပါ။ ခင်ဗျား ပျော်လာပါလိမ့်မယ်'ဟူ၏။ ဤ 'ဘဝကစားပွဲကြီး' (Life Game) တွင် အလုပ်၏အနာဂတ်ကို စကားလုံး သုံးလုံးနှင့် ပုံဖော်နိုင်လိမ့်မည်ဟု ဆိုပါသည်။ 'နက်ဝပ်'၊ 'မိုဘိုင်း'နှင့် 'ဖရီး'ဟု ဆိုပါကြောင်း။

စာညွှန်း
**NETWORKED, MOBILE AND FREE**
**(by MICHAEL ZIPF)**

ကျော်ဝင်း၊ **ပင့်ကူအိမ်လူ့အဖွဲ့အစည်း**၊ PLASTIC RAINBOW စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၀၄၊ စာ ၄၁-၄၇။